

ဘာသာပြန် စာရေးဆရာ - S.M

# ကျင့်ကြံခြင်းကမ္ဘာမှ အင်တာနက်ကဖေးဝန့်စ

(ဖန့်ချိ)

(Chapter 16 - 30)

စာစဉ် - ၂

## အပိုင်း-၁၆

မုတ်ဆိတ်မွေးနဲ့ လူကြီးက ဝူရှန်၏ ပခုံးကိုပုတ်ကာ တိုးတိုးတိတ်တိတ်လေး ပြောလိုက်သည်။

"လာပါ ... အရင်ဆုံး ဆိုင်ထဲ သွားရအောင်၊ ညီနောင် လျန့်ကို အနေခက်အောင် မလုပ်စမ်းပါနဲ့..."

သူ၏ ညီအစ်ကိုများကြောင့် ဝူရှန်က သူ၏ ဒေါသများကို လျှော့ချလိုက်သည်။

"တကယ်လို့ ဒီဆိုင်ကသာ ဖောက်သည်တွေကို လိမ်စားနေတဲ့ဆိုင်ဆိုရင်...၊ ငါ့ကို အပြစ်မတင်ကြနဲ့..."

"အဲဒီလိုသာဆိုရင် ...ငါတို့ မရေမတွက်နိုင်အောင် ပြောခဲ့သလိုပဲ...၊ ဒီဆိုင်ကို တစ်စစီ ရိုက်ခွဲပစ်လိုက်..."

လျန့်ရှစ်က အံ့ဩတုန်လှုပ်ခြင်းမရှိဘဲ သူ့လက်များကို ဝှေ့ယမ်းကာဝူရှန့်ကို ဆွဲခေါ်ကာ-

"အရင်ဆုံးတော့ အထဲဝင်ပြီး ကစားရအောင်..."

"ရှင် ... ဒီနေ့ ဆိုင်ဖွင့်တာ တကယ်နောက်ကျတာပဲ..."

ရှစီရှင်းက အနည်းငယ် မပျော်မရွှင်ဖြစ်ကာ ပြောသည်။ သို့သော်လည်း ဖန့်ချီကတော့ စိတ်မဝင်စားဟန်ဖြင့် ပြန်ဖြေလိုက်သည်။

"ငါ မနေ့က အလွန်ပန်းသွားလို့ပါ..."

"ဒီဆိုင်က ဘာတွေများကောင်းတာ ရှိလို့လဲ...၊

ငါတို့ အပြင်မှာ နာရီဝက်တောင် စောင့်လိုက်ရတယ်..."

ရှစီရှင်းနှင့် အတူလာသည့် အစိမ်းရောင်ဝတ်စုံဝတ် ကောင်မလေးက မကျေနပ်ဟန်ဖြင့် ပြောသည်။

ထိုအချိန်တွင် ရှစီရှင်းနှင့် လျန့်ရှစ်က ဆိုင်အတွင်းကို တောက်ပသော မျက်လုံးကြီးများဖြင့် ကြည့်နေကြသည်။

မူလက သူတို့က လူတိုင်းဆော့ကစားရန် ကွန်ပျူတာ မလောက်ငှမှာကို စိုးရိမ်နေကြသော်လည်း ယခုတော့ ဆိုင်အတွင်းတွင် ကွန်ပျူတာ ၁၁လုံးကို အစီအစဉ်တကျ နေရာချထားသည်ကို မြင်လိုက်ကြသည်။

"အဲဒါတွေက အများကြီးပဲ..."

ရှစီရှင်း တစ်ယောက် အံ့သြစွာဖြင့် ရေရွတ်မိလိုက်သည်။

"တချို့ဟာတွေကို မနေ့ညက ငါရခဲ့တယ်လေ..."

ဖန့်ချီက ပြန်ဖြေလိုက်သည်။ သူက အခြားလူများကို သူ၏ အင်တာနက်ကဖေးဆိုင်ကို စနစ်က အဆင့်မြှင့်ပေးသည်ဟု မပြောချင်ပေ။

"ဒီနေ့ ဆိုင်ဖွင့်နောက်ကျတာ အံ့သြစရာမရှိတော့ဘူး..."

ဖန့်ချီတစ်ယောက် ထို့ကြောင့် အိပ်ရာထ နောက်ကျသည့် အကြောင်းကို အပြင်ကလူများ သိသွား၍ သူ့ကိုနောက်ထပ် အပြစ်မတင်ကြတော့ပေ။

လျန့်ရှစ်ပင် ဖန့်ချီကို တောင်းပန်စကားဆို လိုက်သည်။

"ငါ တကယ် တောင်းပန်ပါတယ် ... ဆိုင်ရှင်က အမ်....၊ ဒီကွန်...ကွန်ပျူတာတွေ အများကြီး ရခဲ့တော့ ညက အချိန်ကြာအောင် ခက်ခက်ခဲခဲ လုပ်နေရမှာပဲ..."

သိသာစွာပင် သူသည် ထိုကွန်ပျူတာဆိုသည့် စကားလုံးနှင့် မရင်းနှီးသေးချေ။

သူတို့ထင်သလို ဖန့်ချီကတော့ ထိုကိစ္စကြောင့် ပင်ပန်းခြင်းတော့ မရှိပေ။ အကြောင်းမှာ စနစ်က သူ့ဘာသာ စီစဉ်သွားသောကြောင့် ဖြစ်သည်။ သို့သော် လျန့်ရှစ် ပြောတာကို ကြားပြီးတော့ သူ့တွင် ရွေးချယ်စရာ မရှိတော့ဘဲ ခေါင်းကို ညိတ်လိုက်သည်။

"ရပါတယ်..."

ထို့နောက် လျန့်ရှစ်နှင့်ရှစီရှင်းတို့က ခုံများတွင်ထိုင်ကာ "မကောင်းဆိုးဝါးတို့ နေထိုင်ရာ" ကို ဖွင့်လိုက်သည်။

"စီရှင်း ... အရင်ကစားလိုက်ပါ..."

ရှစီရှင်းနဲ့အတူလာသော ကောင်မလေးက စိတ်ပျက်သွားသည်။ သူမ သူငယ်ချင်း ညွှန်းသည့်ဆိုင်မှာ အလွန်သေးငယ်သောကြောင့် လှုပ်ရှားမိနေသော စိတ်ကလေးပင် ပြန်ပျောက်သွားသည်။

လျန့်ရှစ် အနောက်မှ ပါလာသော လူ၂ယောက်ကလည်း ပြောသည်။

"ငါတို့ စောင့်ကြည့်ဦးမယ်၊ ဒါကသာ လှည့်စားတာ ဖြစ်နိုင်တယ်၊ ညီအစ်ကို လျန့် မင်း ... ကိုယ့်ကိုယ်ကိုယ် အလှည့်စားမခံပါနဲ့..."

***

ခရမ်းရင့်ရောင် ဝတ်ရုံဝတ်ဆင်ထားသည့် ခန့်ညားသော လူက အနက်ရောင်ဝတ်ရုံဝတ် လူတစ်ယောက်၏ နောက်တွင် လိုက်ပါလာသည်။ သူတို့၏ ဦးတည်ရာကား ဖန့်ချီ၏ အင်တာနက်ကဖေးဆိုင် ရှိရာသို့ပင် ဖြစ်ချေသည်။ ဆိုင်ရှေ့တွင်ရပ်ကာ-

"စီရှင်းက ဒီလိုနေရာကိုလာတယ် ဆိုတာ မင်းသေချာရဲ့လား..."

ထိုတည်ကြည်ခန့်ညားသော ရုပ်ရည်နဲ့ လူက မေးလိုက်သည်။

"ကျွန်တော် ကျိန်ပြောရဲပါတယ် ... သခင်လေး ရှယ်..."

ထိုဝတ်ရုံနက်က လေသံတိုးဖြင့် ပြန်ဖြေသည်။

"ကျွန်တော့်လူတွေက သူမကို သူတို့မျက်လုံးတွေနဲ့ ကိုယ်တိုင်မြင်ခဲ့တာပါ... "

"စီရှင်းက လင်းယန် ကျောင်းတော်မှာ သူမရဲ့စွမ်းရည်ကို မလေ့ကျင့်ဘဲ ဒီလိုနေရာကို ဘာကြောင့် သူမ လာတာလဲ..."

"အဲဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်လည်း မသိဘူး...."

ဝတ်ရုံနက် လူက လူငယ်၏မေးခွန်းကို ကြားပြီး ကိုးရိုးကားရား ဖြေလိုက်သည်။

ထိုချောမောသောလူက တံခါးကိုဖွင့်ကာ အထဲဝင်လိုက်သည်။ သူနဲ့နီးသည့် ထိုင်ခုံတွင် ရှစီရှင်း ထိုင်နေသည်ကို သူမြင်လိုက်သည်။

ထို့နောက် သူ၏အိတ်ကပ်ထဲမှ နူးညံ့သော သေတ္တာလေးကို ထုတ်ကာ သူမဆီ လျှောက်သွားသည်။ သူက အရင် လည်ချောင်းရှင်းလိုက်ကာ သူမနာမည်ကို ခေါ်လိုက်သည်။

"စီရှင်း..."

မည်သည့် တုံ့ပြန်မှုမှ မရှိပေ....

သူက ထပ်မံ၍ သူမကို ခေါ်လိုက်သည်။

"စီရှင်း..."

ရှစီရှင်းတစ်ယောက် သူမကို တစ်ယောက်ယောက် ခေါ်လိုက်သလို ကြားလိုက်သည်။ သူမ ဘေးကို လှည့်လိုက်ပြီး ထိုသူကို မြင်တော့ သူမရဲ့ အသွင်အပြင်က အလျင်အမြန် ပြောင်းလဲသွားသည်။

"ရှင် ဘာကြောင့် ဒီနေရာမှာရှိနေတာလဲ..."

"မင်းကရော ဘာလို့ဒီလိုနေရာမှာ ရှိနေရတာလဲ...၊ အိုး...ပြီးတော့ မင်းက

ရော ဘာလို့ သိုင်းပညာမျှော်စင်ကနေ ထွက်လာတာကို ဘာလို့ ကိုယ့်ကို မပြောတာလဲ..."

ထိုလူချောက သူမရဲ့ ကိုးရိုးကားရား မေးခွန်းကို ကြားတော့ သူမကိုပင်ပြန်၍ မေးခွန်းထုတ်လိုက်သည်။ သို့သော် သူ၏ လက်ထဲတွင် ကိုင်ထားသော သေတ္တာလေးကို သူမကို ပေးလိုက်သည်။

"ဒါက ထျန်းရှင်း မှော်ဆေးရည်ပဲ...၊ ဒါက မင်းရဲ့ စစ်သည်တော်ချီအတွက် အလွန်ကောင်းတယ်၊ ကိုယ် ... မနေ့က ဒါကို ရကတည်းက မင်းကိုတစ်ခု ပေးချင်နေတာ.."

"ကျွန်မဘာသာ ကျွန်မ ... သိုင်းပညာမျှော်စင်ကပဲ ဘယ်အချိန် ထွက်ထွက်...၊ ဘယ်ကိုပဲ သွားသွား ရှင်နဲ့ဘာဆိုင်လို့လဲ...၊ ဘာကြောင့် ကျွန်မက ရှင့်ကိုပြောနေရမှာလဲ..."

ရှစီရှင်းက ပြန်ဖြေလိုက်သည်။

"ဒီလူက ငါဘယ်သွားသွား ငါ့နောက်ကို ယင်ကောင်တစ်ကောင်လိုတောက်လျှောက်လိုက်ကပ်နေတာပဲ...."

သူမလေး၏ အဖြေကားကို ကြားတော့ ထိုချောမောသော လူ၏မျက်နှာက ပျက်သွားခဲ့သည်။

"ကိုယ်က မင်းနဲ့ပတ်သက်လာရင် စိတ်ပူလို့ပါ..."

ထိုချောမောသောလူက သိသာစွာ တုန်လှုပ်သည့်ဟန်ဖြင့် ဆိုင်ခန်းထဲကိုလှည့်ကာ ညွှန်ပြလိုက်သည်။

"ဒီနေရာက လူတွေကိုလည်း ကြည့်ပါဦး ... ဒီလိုပျက်စီးနေတဲ့ ဆိုင်ခပ်ညံ့ညံ့မှာ ကိုယ်က ဘယ်လိုလုပ် မင်းလေးကို နေစေရမှာလဲ...၊ ဒီနေရာက ဘယ်လိုနေရာမျိုး မို့လို့လဲ..."

"ဘယ်လို ရှင်က ဘာအတွက်ကြောင့် "ပျက်စီးနေတဲ့ ခပ်ညံ့ညံ့ဆိုင်" လို့ ပြောတာလဲ....၊ ရွှယ်မင် ကျွန်မကို ပြောပြပါဦး ...၊ ကျွန်မတို့ မိသားစုတွေက တအား ရင်းနှီးနေရင်တောင်မှ ကျွန်မနားက အရာတွေကို လိုက်ပြီးပြောဆို ခွင့် ရှင့်မှာမရှိဘူးနော်...."

ရှစီရှင်း၏ မျက်နှာလေးမှာ မည်းမှောင်သွားသည်။ အကယ်၍ ဒီဆိုင် အတွက်သာ မဟုတ်ရင် သူမအနေဖြင့် ဘယ်တော့မှ ဒီလိုပေါက်ကွဲမည် မဟုတ်ပေ။

"အခုထွက်သွားစမ်း..."

"အာ..."

ရွှယ်မင် စက္ကန့်အနည်းငယ်လောက် အေးခဲသွားသည်။ ရှစီရှင်းက သူ့ ကို ဘာကြောင့် ဒီနေရာက နှင်ထုတ်နေသလဲဆိုတာကို မယုံကြည်နိုင် ဖြစ် သွားသည်။

သူမသည် စိတ်တိုလွယ်သော ဒေါသအိုးမလေး ဖြစ်သော်လည်း သူ့ကို သူမလေး တစ်ခါမှ ဒီလိုမဆက်ဆံဖူးချေ။

"ဒါပေမဲ့ စီရှင်း...."

"ရှင့်အနေနဲ့ ကျွန်မကို "စီရှင်း"လို့ ခေါ်ခွင့်မရှိဘူး...၊ ထွက်သွားစမ်း....၊ အိုး...ပြီးတော့ ကျွန်မ "ထျန်းရှင်း" မှော်ဆေးရည်လို အကုန်အကျ များတာ ကို လက်မခံနိုင်ဘူး...၊ ရှင့်ဘာသာ ပြန်သိမ်းသွားသင့်တယ်..."

"သူ့လို လူတစ်ယောက်ကို ဘာလို့စိတ်ဆိုး နေတာလဲ ... မေ့လိုက်စမ်းပါ စီ ရှင်းရာ..."

ရှစီရှင်း ဘေးနားမှ မိန်းကလေးက ပြောလိုက်သည်။

"သူ့ကို အခုလျစ်လျူရှု ထားစမ်းပါ..."

ထို့နောက် သူမလေးက "ဟွန့် ..."ဟု သရော်လိုက်ပြီး သူမထိုင်ခုံလေးကို လှည့်ကာ ဖန့်ချီကို ပြောလိုက်သည်။

"ဆိုင်ရှင် ... ကျေးဇူးပြုပြီး ဒီလူကို နှင်ထုတ်ပေးပါလား..."

"..."

ရှယ်မင် တစ်ယောက် လုံးဝကို ပြောစရာစကား ပျောက်ဆုံးသွားသည်။

"ဘာတွေ ဖြစ်ကုန်တာလဲ ...၊ သောက်ကျိုးနည်း ... ဘာကြောင့် ဒီလိုနေရာမှာ ရှန်းချင်းချင်းက ရှိနေတာလဲ...."

ဖန့်ချီလည်း စိတ်ထဲရှုပ်သွားသည်။

"ဒီကမ္ဘာမှာ ဘာတွေ ဖြစ်နေတာလဲ..."

"မင်းက ဒီဆိုင်ရဲ့ ဆိုင်ရှင်ထင်တယ်..."

ထိုချောမောသောလူက ဖန့်ချီကိုနောက်ဆုံးတော့ သတိထားမိသည်။ ရှစီရှင်းက သူ့ကို ဆိုင်မှနှင်ထုတ်ရန် ထိုဆိုင်ရှင် ဆိုသူကို ပြောခဲ့ရာ သူ၏ သွင်ပြင်မှာ ထိုကတည်းက မည်းမှောင်နေခဲ့သည်။

"ဒါက ငါတို့ကြားက ဖြစ်တဲ့ကိစ္စပါ...၊ ငါ အကြံပေးချင်တာက မင်းဒီဟာနဲ့ မပတ်သက်ပါနဲ့ ... ဒါမှမဟုတ်ရင်တော့ မင်းရဲ့ ဒီညစ်ပတ်စုတ်ပြတ်တဲ့ အဆင့်နိမ့် ဆိုင်ငယ်လေးက သက်ဆိုးရှည်ရှည် ဖွင့်နိုင်မှာ မဟုတ်ဘူးနော်..."

"မင်းမှားနေပြီ..."

ဖန့်ချီက ဣန္ဒြေကြီးစွာ ပြောလိုက်သည်။

"ငါမှာအခု မင်းကိုပြောစရာ တစ်ခုပဲ ရှိတယ်...၊ ငါတို့ဆိုင်က တကယ်ကို အဆင့်မြင့်တယ်၊ ညစ်ပတ်စုတ်ပြတ်တဲ့ အဆင့်နိမ့်တဲ့ဆိုင် မဟုတ်ဘူး.."

ထိုစကားကို ကြားသောအခါ ချောမောသောလူက ဟာသပြက်လုံးတစ်ခုကို ကြားမိသလို စတင်ရယ်လိုက်သည်။ သူက ဖန့်ချီကို အထင်မြင်သေးစွာ

အထက်အောက် စုန်ဆန်ကြည့်လိုက်သည်။

"မင်အနေနဲ့ အဆင့်မြင့်တယ် ဆိုတာကို ကြားတောင် ကြားဖူးရဲ့လား..."

ထို့နောက် သူက တံခါးဘေးက ကျောက်သင်ပုန်းလေးကိုကြည့်ကာ ထပ်ပြောလိုက်သည်။

"မင်းအနေနဲ့ အဆင့်မြင့်တယ် ဆိုတာကို ကျသင့်တန်ဖိုး ပိုပေးရတယ်လို့ ထင်နေတာလား..."

"မင်းက အရမ်း မာနကြွားတာပဲ...၊ ဒါပေမဲ့ မင်းကလည်း ဒီစကားလုံးရဲ့ အဓိပ္ပာယ်ကို နားမလည်ဘူးဆိုတာ ငါမသိလိုက်ဘူး.."

ဖန့်ချီက သူ၏ အနောက်က ကွန်ပျူတာကို ညွှန်ပြကာ ပြောလိုက်သည်။

"ငါ့ဇာတိမှာ ... ဒါတွေထဲက တချို့ကို "အပန်းဖြေဖိမ်ခံ ခလုတ်"လို့ ခေါ်တယ်..."

"အပန်းဖြေဖိမ်ခံ ခလုတ် ဆိုတာဘာလဲ..."

ရှယ်မင်က ထိုစကားလုံး နောက်ကွယ်က အဓိပ္ပာယ်ကို သေချာမေးလိုက်သည်။ ထိုအသံထွက်စကားလုံးက အစစ်ဖြစ်ပြီး စိတ်ဝင်စားစရာ ကောင်းပေသည်။ သို့သော် ဒီဆိုင်က မြို့စွန်လေးက ဆိုင်ငယ်လေးလေ အဲဒါက ဒီမှာလား...၊ ဘာကြောင့် "အထူးစပရှယ်"က ဒီနေရာမှာ ဖြစ်နေရတာလဲ"

"မင်းဘာကြောင့် ငါ့ကိုမပြောသေးတာလဲ...၊ ဒီနေရာက အပန်းဖြေဖိမ်ခံ ခလုတ် ဘာကြောင့်လို့ပြောတာလဲ..."

နောက်ထပ် ထိုချောမောသောလူက ရှစီရှင်း ရှေ့က ဖန်သားပြင်ကို သတိထားမိလိုက်သည်။

"သူမက ဘာလုပ်နေတာလဲ...၊ သူမ တစ်ခုခုကို ကြည့်နေတာမလား..."

" သူမက စွမ်းရည်တွေကို လေ့ကျင့်ရမယ့်အစား သူမက ဒီနေရာကိုလာ

ပြီး ဘာကိုလာကြည့်တာလဲ ..." သူက တွေးလိုက်သည်။

"သူမက ဘာကိုမှ ကြည့်နေတာ မဟုတ်ဘူး..."

ဖန့်ချီက ဖြေသည်။

"သူမက ဂိမ်းတစ်ခုကို ကစားနေတာ..."

"ကစားနေတယ်..."

ထိုချောမောသောလူက ဖန့်ချီကို စိတ်ရှုပ်စွာဖြင့် ကြည့်လိုက်သည်။

ဖန့်ချီက ရယ်ပြီးတော့ မေးလိုက်သည်။

"မိန်းကလေးရှန့် မင်းက ဘယ်လိုဆက်ဆံရေးလဲ ...၊ သူမကို ကြိုက်လား..."

"အာ..."

ထိုအကြောင်းကို ကြားတော့ သူကကျောကို မတ်မတ်ပြင်လိုက်ပြီး ဂုဏ်ယူစွာဖြင့်-

"ငါ့မိသားစုနဲ့ စီရှင်းတို့မိသားစုက အရမ်းရင်းနှီးတယ်၊ ပြီးတော့ ငါတို့က လင်းယန်ကျောင်းတော်မှာ အတူတက်တယ်...၊ ငါတို့က တစ်ယောက်ကို တစ်ယောက် လုံးဝလိုက်ဖက်တယ်..."

"..."

ဖန့်ချီတစ်ယောက် ရယ်မောလုနီးပါး ဖြစ်သွားသည်။ ရှုစီရှင်းလို မိန်းကလေးတွင် လိုက်သူ အများအပြား ရှိလောက်သည်။ ပြီးတော့ ဒီလူက လည်း သူတို့ထဲက တစ်ယောက်ဖြစ်နိုင်သည်။

ထို့နောက် သူက ထိုလူ၏ ပခုံးကို ပုတ်ကာ ပြောလိုက်သည်။

"လူငယ်လေး...၊ ဒါ့ကြောင့် မင်းက မိန်းကလေးကို မချုပ်နိုင်တာပဲ..."

[အကြံသမား ငချီ အကွက်ခင်းပြီ ငိငိ...]

"မိန်းကလေးကို ချုပ်မယ်..."

ရှယ်မင် တစ်ယောက် ဖန့်ချီပြောတဲ့ အကြောင်းကို နားမလည်ချေ။

"ဘာပဲဖြစ်ဖြစ် မင်းက သူမနဲ့တူတဲ့ ဝါသနာတွေမှာ ဆရာကျနေဖို့လို တယ်...."

ဖန့်ချီက ပြောပြီး ရှစီရှင်း၏ ကွန်ပျူတာမျက်နှာပြင်ကို ညွှန်ပြလိုက်သည်။

"ဒါက..."

ရှယ်မင် တစ်ယောက် ကျိတ်ပြုံးမိသည်။

"ဒါက ဘယ်လို ကောင်းတာလဲ.."

"ဒါတွေက ငါပြောတဲ့ ငှဲဇာတိမှာ ကျော်ကြားတယ်၊ "မင်းက ငါးတစ် ကောင် မဟုတ်ဘူး၊ ဒ့ါကြောင့် မင်းက ပျော်ရွှင်မှုကို ဘယ်လိုလုပ် နားလည် မှာလဲ..."

(TL Note-သူတို့ ဆီက စကားပုံနဲ့တူပါသည်...)

ဖန့်ချီက ဖြေလိုက်သည်။

"မင်းက သူမ မဟုတ်ဘူး၊ ဒါကြောင့် မင်းက ဘယ်လိုလုပ် သူမက ဒါကို ကြိုက်တယ် မကြိုက်ဘူး ဆိုတာသိနိုင်မလဲ..."

ထိုအရာကို ကြားလျှင် ရှယ်မင် စိတ်ထဲတွင် ခဏတာ တွေးလိုက်မိသည်။ ဘယ်လောက်တောင် နက်ရှိုင်းတဲ့ နိယာမတွေလဲ...၊

"ဒီဆိုင်ရှင်က ထူးခြားတဲ့ ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်နိုင်တယ်..."

"တကယ်လို့ မင်းက သူမရဲ့ ဝါသနာကို လေးစားမယ်ဆိုရင် သူမက မင်း ကို အဲဒီဝါသနာကနေ လေးစားလာပြီဆိုရင်၊ နောက်ကျရင် အနာဂတ်မှာ

သူမက မင်းလက်ထဲမှာပဲ..."

ရွှယ်မင်တစ်ယောက် အတွေးပွားနေတာကို မြင်တော့ ဖန့်ချိ ဆုံးဖြတ်လိုက်သည်။

" သံဆိုတာ ပူနေစဉ်ရိုက်မှ လိုရာပုံသွင်းနိုင်သည်"

"မင်းက အခု သူမရဲ့ဝါသနာကို အသိအမှတ်မပြုတဲ့အပြင် သူမကိုတောင်မှ ဝေဖန်လိုက်သေးတယ်၊ ဘယ်သူမဆို စိတ်ဆိုးမှာပဲလေ..၊ ဒီလိုသာ မိန်းကလေးတွေ ချုပ်မယ်ဆိုရင် ဘယ်တော့မှ အလုပ်ဖြစ်မှာ မဟုတ်ဘူး..."

ထိုအကြောင်းကိုကြားလျှင် ရွှယ်မင်၏ မျက်လုံးများက အရောင်များက တောက်လာပြီး ဖန့်ချိကို လက်မထောင်ပြလိုက်သည်။

"ခင်ဗျားပြောတာ နားထောင်လိုက်ရတာက စာအုပ်တွေ ဆယ်နှစ်ဖတ်ရတာနဲ့ ညီမျှတယ်...၊ ခင်ဗျားပြောတာက ပိုပြီးအဓိပ္ပာယ် ရှိတယ်.."

ထို့နောက် ဖန့်ချိက "မကောင်းဆိုးဝါးတို့နေထိုင်ရာ"ကို ဖွင့်လိုက်ပြီး အစစ်အမှန်လို ပုံရိပ်ယောင် နားကြပ်ကို ရွှယ်မင် ကိုတပ်ပေးကာ-

"မင်းကိုယ်တိုင် ခံစားကြည့်လိုက်..၊ ဒါပေမဲ့ ကျသင့်တန်ဖိုးတော့ မမေ့ပါနဲ့.."

"မကောင်းဆိုးဝါးတို့ နေထိုင်ရာ"

ဖန်သားပြင်က နက်မှောင်သွားသည်။ ရွှယ်မင် တစ်ယောက် သူ့ဘေးပတ်ပတ်လည်က အရာအားလုံးက သူနှင့် အလွန်နီးကပ်စွာ ထိစပ်နေသည်ဟု ခံစားရသည်။ သူက သူ၏ ဖန်သားပြင်က ကမ္ဘာထဲ ဝင်သွားသလို ခံစားလိုက်ရသည်။

သူနေထိုင်တဲ့ ကမ္ဘာနဲ့ ဒီနေရာနဲ့ မတူပေ၊ သူတစ်ခါမှ မမြင်ဖူးသည့် မကြုံဖူးသည့် လက်နက်တွေ နှင့် ကြောက်မက်ဖွယ် ဖုတ်ကောင်တွေနဲ့ ကြုံတွေ့ရ

ပေးသည်။ အန္တရာယ်က နေရာအနှံ့မှရှိကာ ချက်ချင်း အာရုံစိုက်လိုက်သည်။

နောက်ဆုံးတော့ ဖန့်ချီပြောသည့် "ကစားနေသည်" ဆိုတဲ့အဓိပ္ပာယ်ကို သူ နားလည်သွားသည်။

"ဒါက တကယ်ပဲ ဂိမ်းတစ်ခုလား..."

"မင်းခုနက အကြိမ်များစွာ သေခဲ့တယ်မလား...၊ တကယ်လို့သာ မင်းက ဂိမ်းဆော့နေတာ မဟုတ်ရင် မင်းက ဘယ်လိုလုပ် အသက်ပြန်ရှင်လာမှာလဲ..."

"မှန်တယ်...မှန်တယ်.... "

ရှယ်မင် စိတ်လှုပ်ရှားစွာ ခေါင်းကိုညိတ်လိုက်သည်။

"ဒါက သောက်ကျိုးနည်း တကယ်ပဲ ဂိမ်းတဲ့..."

ဂုဏ်သရေရှိ ချမ်းသာသော မိသားစုက ဖြစ်သော သူသည် မည်သူမှမကြားဖူး၊ မတွေးဖူးသည့်ဂိမ်းကို ကစားရန် သင့်တော်ပေသည်။

"ဒါက တကယ်ပဲ အပန်းဖြေဖိမ်ခံ ခလုတ်ပဲ...၊ ဒီနေရာက အရာအားလုံးကို ငါ သတ်ဖြတ်မှာကို စောင့်ကြည့်နေပါ၊ နောက်ပြီး စီရင်း ကလည်း ငါ့ရဲ့အချစ်မှာ ကျဆင်းကြွေကျရမှာ အသေအချာပဲ... "

ရှယ်မင်၏ စိတ်အားထက်သန်တာကို မြင်ပြီး ဖန့်ချီခမျာ ကူကယ်ရာမဲ့စွာ ခေါင်းကို ခါလိုက်သည်။

"သူက လှည့်စားရတာက လွယ်တယ်...၊ ဒါပေမဲ့..."

ဖန့်ချီက သူ၏ နှာခေါင်းကိုပွတ်လိုက်သည်။ ဒီဂိမ်းကစားတာကိုက ပရိယာယ် သုံးရတာပဲမလား...

ထို့နောက် ဖန့်ချီက သူ့ဆိုင်အပြင်ဘက် ပတ်ဝန်းကျင်တွင် ကုပ်ချောင်းချာင်းနဲ့ လူအချို့ကို တွေ့လေသည်။

"ငါတို့ အထဲကို ဝင်သင့်လား..."

အနက်ရောင် ချပ်ဝတ်ကို ဝတ်ဆင်ထားသော စစ်သည်တော်က အသံတိုးတိုးဖြင့် ပြောလိုက်သည်။

"သူတို့ဆိုင်ထဲ ဝင်သွားတာ ကြာလှနေပြီ...၊ အခုထိ ပြန်ထွက်မလာသေးဘူး..."

"ငါတို့ အထဲကို ကောင်းကောင်း သွားသင့်လား..."

"ကြည့်စမ်း....နောက်ထပ် တစ်ယောက်ယောက် ဝင်သွားပြီ..."

မကြာခင်...လူခြောက်ယောက်မှာ အင်တာနက် ကဖေးဆိုင်ဆီ ရောက်လာသည်။ သူတို့က ကောင်လေး ၄ယောက်နှင့် ကောင်မလေး ၂ယောက်သာဖြစ်သည်။ သူတို့ အကုန်လုံးမှာ အသက်၁၆၊ ၁၇သာ ရှိသေးသည်။

ကောင်လေး တစ်ယောက်က ထိုရှေ့တွင်ရပ်ကာ ပြောသည်။

"စွန်းချင်းဖန်နဲ့ အခြားသူတွေက အကြိမ်ကြိမ် "မူလ"လို့ ပြောခဲ့တယ်၊ ပြီးတော့ ဒီဆိုင် တစ်ဆိုင်တည်းပဲ ဒီလိုနာမည်နဲ့ရှိတာ..."

သူတို့က အတွင်းက လူတွေကြည့်လိုက်ရင် အကုန်လုံးက ထိုင်နေကြသည်။ ဖောက်သည် တစ်ယောက်ချင်းစီ ရှေ့တွင် ဖန်သားပြင်များရှိပြီး ထိုဖန်သားပြင်များ အပေါ်တွင် အကြောင်းအရာများက လှုပ်ရှားနေသည်။

"အဲဒါတွေက အရမ်းထူးဆန်းတာပဲ..."

"ဒီဆိုင်က ဘာလုပ်တဲ့ဆိုင်လဲ..."

သူတို့က ခဏတာ ထိုနေရာကို စောင့်ကြည့်သည်။ သို့သော် ဒီနေရာနဲ့ပတ်သက်၍ ဘာမှ အကြံဉာဏ်မရှိပေ။

"ဒီဆိုင်က ငါတို့တွေ့ဖူးတဲ့ အခြားဘယ်ဆိုင်နဲ့မှ မတူဘဲ ကွဲပြားခြားနားတယ်..."

စိတ်ရှုပ်စွာဖြင့် ထိုအုပ်စုမှာ ဆိုင်ရှင်ကို ခေါ်မေးရန်မှအပ ရွေးချယ်စရာ မရှိပေ။

***